# ကျေးဇူးတော်ရှင် သီတဂူဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိနှင့် သာသနာပြု လုပ်ငန်းများ

=========================================

၁။ ၁၂၉၈-ခုတပေါင်းလပြည့်၊ ခရစ်နှစ် ၁၉၃၇-ဖေဖော်ဝါရီလ၂၃ ရက်တွင် ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့တွင် ဦးမောင်ညို ၊ ဒေါ်သိန်းတင် မိဖ နှစ်ပါးက မွေးဖွားခဲ့သည်။
၂။ ၁၃ဝ၅-ခု၊ ခရစ်နှစ် ၁၉၄၄-ခုနှစ်တွင် သဲကုန်းမြို့ တပ်ရွာအလယ်ကျောင်းတွင် ဘုန်းတော်ကြီး ကျောင်းပညာ အခြေခံများကို စတင်သင်ယူသည်။
၃။ ၁၃၁၃-ခု၊ ခရစ် ၁၉၅၂-ခုနှစ်တွင် ရှင်သာမဏေပြုသည်။
၄။ ၁၃၁၈-ခု၊ ခရစ် ၁၉၅၇-ခုနှစ်တွင် ရဟန်းပြုသည်။ ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့များ၌ ပညာသင်ကြားသည်။
၅။ ၁၃၂၂-ခု၊ ခရစ် ၁၉၆၁-ခုနှစ် တွင် ဓမ္မာစရိယစာချတန်း အောင်မြင်သည်။ "သာသနဓဇဓမ္မာစရိယဘွဲ့"ကို ရရှိသည်။
၆။ ၁၃၂၄-ခု၊ ၁၉၆၃-ခုနှစ်တွင် သံဃတက္ကသိုလ်သို့ ဝင်ရောက်သည်။
၇။ ၁၃၂၆-ခု၊ ၁၉၆၅-ခုနှစ်တွင် "ဗုဒ္ဓဒေသနာ ဒီပလိုမာဘွဲ့ "ကို ရရှိသည်။
၈။ ၁၃၂၆-ခု၊ ၁၉၆၅-ခုနှစ်မှာပင် ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့၌ မြန်မာဗုဒ္ဓသာသနာပြုကျောင်း (B.B.M. ကောလိပ်) ကိုတည်ထောင်သည်။
၉။ ၁၃၂၉-ခု/ ၁၉၆၈-ခုနှစ်တွင် စစ်ကိုင်းတောင်၌ ဗုဒ္ဓစာပေများကို စတင်သင်ကြားပို့ချသည်။
၁၀။ ၁၃၃၄-ခု၊ ၁၉၇၃-ခုနှစ်တွင် သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကျုံကရွာ သပိတ်အိုင်တောရကျောင်း၌ ပဋိပတ်အလုပ် စတင်အားထုတ်ခဲ့သည်။
၁၁။ ၁၃၃၆-ခု၊ ၁၉၇၅-ခုနှစ်မှ စတင်ကာ မြန်မာပြည်အနှံ့ ဗုဒ္ဓဒေသနာများ စတင်ဟောကြားသည်။
၁၂။ ၁၃၃၈-ခု၊ ၁၉၇၇-ခုနှစ်တွင် စစ်ကိုင်းတောင်၌ (အရှေ့) သဒ္ဓမ္မသီတဂူကျောင်းတိုက်ကို စတင်တည်ထောင်သည်။
၁၃။ ၁၃၄၁-ခု၊ ၁၉၇၉-ခုတွင် ကမ္ဘာလှည့် သာသနာပြုလုပ်ငန်းကို စတင်သည်။ ယနေ့အထိ နိုင်ငံပေါင်း (၅၀)ကျော် လှည့်လည်ခဲ့ပြီး၊ အစည်းအဝေးပေါင်း (၁၀၀) ကျော် တက်ရောက်ခဲ့ပြီး ဖြစ်သည်။
၁၄။ ၁၃၄၂-ခု၊ ၁၉၈၀-ခုတွင် သီတဂူသာသနာပြုအဖွဲ့ ကို စတင်တည်ထောင်သည်။
၁၅။ ၁၃၄၂-ခု၊ ၁၉၈၀-ခု၊ တွင် စစ်ကိုင်းတောင် သီတဂူရေအလှူတော် စီမံကိန်း တည်ဆောက်သည်။
၁၆။ ၁၃၄၇-ခု၊ ၁၉၈၅-ခုတွင် သီတဂူအာယုဒါနဆေးရုံတော်ကို စတင်တည်ဆောက်သည်။
၁၇။ ၁၃၅၁-ခု၊ ၁၉၈၉-ခုတွင် သီတဂူအာယုဒါနဆေးရုံတော်ကို စတင်ဖွင့်လှစ်သည်။
၁၈။ ၁၃၅၄-ခု၊ ၁၉၉၂-ခုတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စီမံကိန်းကို စတင်ချမှတ်ဆောင်ရွက်သည်။
၁၉။ ၁၃၅၄-ခု၊ ၁၉၉၂-ခုတွင် အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ် အော်စတင်မြို့တွင် အမေရိကထေရဝါဒဓမ္မအသင်း ကို စတင်ဖွဲ့ စည်းသည်။

၂၀။ ၁၃၅၈-ခု၊ ၁၉၉၆-ခုတွင် အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ် ဒေါ်စတင်မြို့တွင် သီတဂူဗုဒ္ဓဝိဟာရ ကျောင်းတိုက်ကို စတင်တည်ထောင်ဖွင့်လှစ်သည်။
၂၁။ ၁၃၅၈-ခု၊ ၁၉၉၆-ခုနှစ်တွင် စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကို စတင်ဖွင့်လှစ်သည်။
၂၂။ ၁၃၆၈-ခု၊ ၂၀၀၆-ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မင်နီဆိုးတားပြည်နယ် စိန့် ပေါမြို့တွင် သီတဂူဓမ္မဝိဟာရ ကျောင်းတိုက်ကို စတင်တည်ထောင်ဖွင့်လှစ်သည်။
၂၃။ ၁၃၆၉-ခု၊ ၂၀၀၇-ခုနှစ်တွင် ရန်ကုန် သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုစင်တာ ကို စတင်ဖွင့်လှစ်သည်။
၂၄။ ၁၃၇၀-ခု၊ ၂၀၀၉-ခုနှစ်တွင် မန္တလေးတောင် သီတဂူဗုဒ္ဓတက္ကသိုလ် ကို စတင်ဖွင့်လှစ်သည်။
၂၅။ ၁၃၇၃-ခု၊ ၂၀၁၁-ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ဝက်(စ်)ပန်းဘိချ်မြို့တွင် သီတဂူသံဃဝိဟာရ ကျောင်းတိုက်ကို စတင်တည်ထောင်ဖွင့်လှစ်သည်။
၂၆။ ၁၃၇၃-ခု၊ ၂၀၁၂-ခုတွင် အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ် ဒေါ်စတင်မြို့တွင် "သီတဂူရွှေစည်းခုံစေတီတော်ကြီး "ကိုတည်ထားပြီးစီးသည်။
၂၇။ ၁၃၇၈-ခု၊ ၂၀၁၆-ခုနှစ်တွင် သီတဂူဗုဒ္ဓတက္ကသိုလ် ( သံလျင်) ကို စတင်ဖွင့်လှစ်သည်။
၂၈။ ၁၃၇၈-ခု၊ ၂၀၁၆-ခုနှစ်တွင် သီတဂူ ကေတုမတီ ဗုဒ္ဓတက္ကသိုလ် ( တောင်ငူ) ကို စတင်ဖွင့်လှစ်သည်။
၂၉။ ၁၃၇၃-ခု၊ ၂၀၁၂-ခုနှစ်တွင် စစ်ကိုင်းတောင် သီတဂူဝိပဿနာအကယ်ဒမီ ကို စတင်တည်ထောင်ကာ ၁၃၇၉ခု၊ ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်သည်။
၃၀။ ၁၃၈၄ ခု၊ ၂၀၂၃ ခုအထိ သီတဂူမျက်စိဆေးရုံပေါင်း ၄၅ ရုံ ဖွင့်လှစ်ခဲ့သည်။

**<u>ကျမ်းစာအုပ်များ...</u>**

=ဆရာတော်သည် မြန်မာဘာသာဖြင့် စာအုပ်ပေါင်း (၉၆) နှင့် အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ပေါင်း (၅၆) တို့ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။

**<u>သာသနာပြုဘွဲ့တံဆိပ်တော်များ</u>**

=ဆရာတော်အား ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ မြန်မာနှစ်(၁၃၅၈-ခု) ခရစ်နှစ် (၁၉၉၇-ခု)တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်၊ မြန်မာနှစ်(၁၃၇၉-ခု)၊ ခရစ်နှစ်(၂၀၁၇-ခု) တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ ခရစ်နှစ်(၂၀၂၀-ခု) တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် တို့ကို ဆပ်ကပ် ပူဇော်ခဲ့သည်။

=မြန်မာနှစ် ( ၁၃၆၅) ခု၊ ခရစ်နှစ် ၂၀၀၃-ခုနှစ်က ဒီလစ် (D.litt) ဘွဲ့ကို ရန်ကုန်တက္ကသိုလ်က အပ်နှင်းခဲ့သည်။

=မြန်မာနှစ် ၁၃၆၇-ခု၊ ခရစ်နှစ်၂၀၀၅-ခုတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ မဟာချူလာလောင်ကွန် တက္ကသိုလ်က ပီအိပ်ချ်ဒီ ( Ph.D) ဘွဲ့ကို အပ်နှင်းခဲ့သည်။

=မြန်မာနှစ် ၁၃၇၀-ခု၊ ခရစ်နှစ် ၂၀၀၈-ခုနှစ်တွင် အိန္ဒိယနိုင်ငံ နာလန္ဒတက္ကသိုလ်က ပီအိပ်ချ်ဒီ (Ph.D)ဘွဲ့ကို အပ်နှင်းခဲ့သည်။

=မြန်မာနှစ် ၁၃၇၁-ခု၊ ခရစ်နှစ် ၂၀၀၉-ခုနှစ်တွင် ထိုင်းနိုင်ငံ မဟာမကုဋ္ဌတက္ကသိုလ်က ပီအိပ်ချ်ဒီ (Ph.D)ဘွဲ့ကို အပ်နှင်းခဲ့သည်။

=မြန်မာနှစ် ၁၃၇၇-ခု၊ ခရစ်နှစ် ၂၀၁၅-ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ပညာသျှတ္တရ တက္ကသိုလ်က ပီအိပ်ချ်ဒီ (Ph.D)ဘွဲ့ကို အပ်နှင်းခဲ့သည်။

=မြန်မာနှစ် ၁၃၇၇-ခု၊ ခရစ်နှစ် ၂၀၁၅-ခုနှစ်တွင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းကိုခံယူတော်မူရပါသည်။

=မြန်မာနှစ် ၁၃၈၃-ခု၊ ခရစ်နှစ် ၂၀၂၂-ခုနှစ်တွင် ရွှေကျင်နိကာယဉက္ကဋ္ဌ ၁၆ ပါးမြောက် (ရွှေကျင် သာသနာပိုင် ) အဖြစ် ရွေးချယ် တင်မြှောက်ခြင်းကို ခံယူတော်မူရပါသည်။

## ဆရာတော်အား ကင်ပွန်းတပ် ခေါ်ဝေါ်ခဲ့သော နာမည်များ...

=သပိတ်အိုင်တောရတွင် နေခဲ့ဖူးသောကြောင့် **သပိတ်အိုင်ဆရာတော်**ဟုလည်း အမည်တွင်သည်၊ =သဲကုန်းမြို့နယ် ဇာတိဖွားဖြစ်သောကြောင့် **သဲကုန်းဆရာတော်**ဟုလည်း အမည်တွင်သည်၊ =သီတဂူကျောင်း၊ သီတဂူရေအလှူ၊ သီတဂူဆေးရုံ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူဝိပဿနာ အကယ်ဒမီ တို့ကို တည်ထောင်တော်မူခဲ့သည် ဖြစ်ခြင်းကြောင့် **သီတဂူဆရာတော်** ဟုလည်း အမည် တွင်သည်။

ယခုအခါ ဆရာတော်သည် သက်တော် (၈၇)၊ ဝါတော် (၆၇)ဝါ ရှိနေပြီ ဖြစ်သော်လည်း စစ်ကိုင်းတောင်ရိုး ပင်မ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် နှင့် သီတဂူ ဝိပဿနာအကယ်ဒမီတို့၌ စာသင်သားများအား ဗုဒ္ဓစာပေများကို ပါဠိ+ မြန်မာ+အင်္ဂလိပ် ဘာသာများဖြင့် ပို့ချလျက် တဖက်မှလည်း လူမျိုးဘာသာ သာသနာအတွက် သာသနာပြု လုပ်ငန်းများ၊ လူမှုရေး လုပ်ငန်းများကို မနားမနေ အားထုတ်လျှက် ရှိပါသည်။